# ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲမှု(၆)

## ယုံကြည်စိတ်ချရမှုက ကောင်းမွန်သော အုပ်ချုပ်ရေးအတွက် မည်ကဲ့သို့ကူညီနိုင်သလဲ

ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုသည် အလွန်ရှုပ်ထွေးပြီး နက်နဲသော အယူအဆဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိလူများ၊ အဖွဲ့အစည်းများ၊ကုမ္ပဏီများနှင့် အစိုးရများတို့ အချင်းချင်း အပြန်အလှန်ဆက်ဆံလုပ်ဆောင်မှုများ တိုးပွားလာခြင်းဖြင့်ထွက်ပေါ်လာခဲ့သော လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် နည်းပညာပြောင်းလဲမှု အစဉ်များကို ရည်ညွှန်းပါသည်။ ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုကြောင့်နိုင်ငံတော်၏အခ်ပ္ပါယ်ကိုပင်ပြန်လည်သတ်မှတ်ပေးရတော့မည်ဖြစ်ပါသည်။ အစိုးရသည် ပြည်သူလူထုအတွက် ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ပေးသူနှင့်စီမံခန့်ခွဲပေးသူ အဖြစ်မှ မဟာဗျူဟာမြောက်စီမံကိန်းများ ရေးဆွဲသူအဖြစ်သို့ရောက်ရှိနေပြီဖြစ်ပါသည်။ ပုဂ္ဂလိကလုပ်ငန်းများနှင့် လူတစ်ဦးချင်းစီ၏ လုပ်ဆောင်မှုများ၏ ယှဉ်ပြိုင်ကွင်းကို ကိုယ်တိုင်ဝင်ရောက်စီမံခန့်ခွဲပေးခြင်းထက် ပိုမိုကောင်းမွန်သော အခြေအနေသို့ရောက်ရှိရန် ဖန်တီးပေးရပါသည်။ ပြည်တွင်းနှင့်ပြည်ပရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အရေးပေးသော စီးပွားရေးပတ်ဝန်းကျင်တစ်ရပ် ထူထောင်ပေးခြင်းဖြင့် နိုင်ငံတော်၏ဘဏ္ဍာငွေကြေးခိုင်မာမှုနှင့် စီးပွားရေးကြွယ်ဝချမ်းသာမှုဖြစ်စေရန်ဖန်တီးပေးရပါသည်။တစ်ချိန်တည်းမှာပင် အစိုးရသည် မိမိနိုင်ငံနှင့် လူမျိုးတို့၏ စံထားမှုများ၊ တန်ဖိုးထားမှုများ၊ ထုံးတမ်းဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် လက္ခဏာအစရှိသော အပျော့ထည်များကိုလည်း စောင့်ရှောက်ထိန်းသိမ်းရပါသည်။ ယင်းသို့ပြည့်စုံကောင်းမွန်သော အစိုးရတစ်ရပ်ဖြစ်ပေါ်လာစေရန် ''ယုံကြည်စိတ်ချရမှုပျိုးဥယျာဉ်'' ရှိရန်လိုအပ်ပါသည်။ အဆိုပါ ယုံကြည်စိတ်ချရမှု ပျိုးဥယျာဉ် ဆိုသည်မှာ နိုင်ငံရေးအရ အဆုံးအဖြတ်ပြုရသော လုပ်ငန်းစဉ်တစ်ရပ်တွင် ပြည်သူလူထုတစ်ဦးချင်းစီက အနည်းနှင့်အများဆိုသလို ပါဝင်နိုင်ခွင့် အလားအလာရှိသည်ဟုသိရှိခံစားနိုင်ကြခြင်းကိုဆိုပါသည်။ဤနည်းဖြင့်ကောင်းမွန်သောအုပ်ချုပ်ရေးသည်ယုံကြည်စိတ်ချရမှုပျိုးဥယျာဉ်၏ အကျိုးဆက်တရားတစ်ခုဖြစ်လာရပါသည်။

ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်တွင်လူမှုရေးအရဖြစ်စေ၊ နိုင်ငံရေးအရဖြစ်စေယုံကြည်စိတ်ချရမှုသည် မရှိမဖြစ်လိုအပ်ပါသည်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နှင့် ယုံကြည်စိတ်ချရမှုတို့သည် အပြန်အလှန်အကျိုးပြုမှုလည်းရှိပါသည်။ ယုံကြည်စိတ်ချရမှုသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုပေါက်ဖွားစေသကဲ့သို့ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကြောင့်လည်း ယုံကြည်စိတ်ချရမှုကို ဖြစ်စေပါသည်။

အစိုးရအဖွဲ့ဝင်များနှင့်တကွ နိုင်ငံရေးအရ တာဝန်ရှိသူများအပေါ် ယုံကြည်စိတ်ချရမှုမြင့်မားစွာ တည်ရှိနေခြင်းသည် လူနည်းစုဝင်များနှင့် လူမှုစီးပွားရေးအခင်းအကျင်းတွင် အခွင့်အရေးရသင့်သလောက် မရကြသေးသူများအပါအဝင်ပြည်သူလူထုတစ်ရပ်လုံးအတွက် အကျိုးကျေးဇူးများစွာရရှိစေပါသည်။ ယုံကြည်စိတ်ချရမှုနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးအကြားတွင် အဓိကကြောင်းကျိုးဆက်ယန္တရားသုံးခု ရှိပါသည်။ ယင်းတို့မှာနိုင်ငံသား လူမှုရေးကြောင်းကျိုးဆက်ယန္တရား၊ စီးပွားရေးစွမ်းဆောင်ရည် ကြောင်းကျိုးဆက်ယန္တရား နှင့် နိုင်ငံရေးတရားဝင်မှုကြောင်းကျိုးဆက်ယန္တရားတို့ဖြစ်ပါသည်။ယုံကြည်စိတ်ချရမှုနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးတို့အကြားတွင်အဆိုပါကွင်းဆက်သုံးခုသည် လုံးဝချွင်းချန်ထား၍ မရနိုင်သကဲ့သို့ ယင်းကွင်းဆက်သုံးခုကို အသုံးမပြုဘဲနေလျှင်

အလွန်တရာရှုပ်ထွေးခက်ခဲသော ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှု သဘောတရား၏ အရှုပ်အထွေးများကို ရှင်းလင်းလွယ်ကူအောင်ပြုလုပ်နိုင်မည်မဟုတ်ပါ။

**နိုင်ငံသားလူမှုရေးကွင်းဆက်**

ကောင်းမွန်သော အုပ်ချုပ်ရေးသည် ယုံကြည်စိတ်ချရမှုကို ပေါက်ဖွားစေသည်မှာ မှန်သော်လည်း ယုံကြည်စိတ်ချရမှုသည် ဒီမိုကရေစီအုပ်ချုပ်ရေး၏ ရှေ့ဦးလိုအပ်ချက်ဖြစ်နေသည်ကိုလည်း မမေ့သင့်ပါ။ ဒီမိုကရေစီအုပ်ချုပ်ရေးသည် ယုံကြည်စိတ်ချရမှုအနည်းအကျဉ်းမျှသာရှိသော လူ့အဖွဲ့အစည်းကို လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်အောင်မလုပ်နိုင်ပါ။ ယင်းအဖွဲ့အစည်းများတွင် အဓိပ္ပါယ်ပြည့်ဝသော လုပ်ရှားဆောင်ရွက်မှုများ၌ ပါဝင်ရန် လူတို့ကယုံကြည်စိတ်ချမှုမရှိကြပါ။ အဆိုပါအခြေအနေကြောင့် အစိုးရနှင့် ပြည်သူ့ကိုယ်စားလှယ်များအပေါ်တွင် နိုင်ငံရေးတရားဝင်မှုလျော့နည်းနေစေပါသည်။ ထို့အပြင် ကောင်းမွန်သောအုပ်ချုပ်ရေးအတွက် ပြည်သူလူထု၏ ပါဝင်မှုသည်လည်း အကျင့်ပျက်ခြစားမှုများကြောင့် အလွယ်တကူပျက်စီးဆုံးရှုံးသွားစေနိုင်ပါသေးသည်။

နိုင်ငံသားလူမှုရေးကွင်းဆက်တွင် ယုံကြည်စိတ်ချရမှုတိုးတက်စေသော ခေတ်သစ်တီထွင်မှုနည်းလမ်းတစ်ခုမှာအီလက်ထရွန်းနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်သော အစိုးရစနစ် (e-government) ဖြစ်၏။ ကွန်ပျူတာအခြေခံအပြန်အလှန် ဆက်သွယ်ခြင်းသည် နိုင်ငံသားတိုင်း၏ ကွဲပြားခြားနားသော အမြင်များကို ထုတ်ဖော်ခွင့်နှင့်နားထောင်လက်ခံခွင့်ရရှိစေပါသည်။ တိုးတက်လာသော နည်းပညာလက်သုံးကိရိယာများသည် နိုင်ငံသားများအားလွတ်လပ်စွာနှင့်ပွင့်လင်းစွာအချင်းချင်းအပြန်အလှန်ဆက်သွယ်ခြင်း၊ မျှဝေခြင်းပြုနိုင်ကြပါသည်။ ထို့အပြင် နိုင်ငံသားတိုင်းသည် သူတို့၏နိုင်ငံရေးကိုယ်စားလှယ်များကို ပိုမိုလွယ်ကူစွာ ထိတွေ့နိုင်ပြီး သူတို့၏ လှုပ်ရှားမှုနှင့် လုပ်ရပ်များအပေါ် တာဝန်ယူမှုကိုပိုရှိစေပါသည်။ အီလက်ထရွန်းနစ်နည်းဖြင့် လုပ်ငန်းများ ဆောင်ရွက်သော အစိုးရစနစ်တွင် အစိုးရရုံးများသည်သူတို့၏ လုပ်ဆောင်ချက်အသေးစိတ်များကို အင်တာနက်မှ တဆင့်ပုံမှန်ထုတ်ပြန် ကြေညာနိုင်ပါသည်။ ဤနည်းဖြင့် အစိုးရ၏ ထင်သာမြင်သာရှိမှုနှင့်တာဝန်ခံမှုကိုလည်း တိုးတက်ကောင်းမွန်လာစေနိုင်ပါသည်။ အီလက်ထရွန်းနစ်နည်းဖြင့် ပါဝင်ဆောင်ရွက်ခြင်း၊ အီလက်ထရွန်းနစ်ဖြင့် အုပ်ချုပ်ရေးတို့သည် အုပ်စိုးသူနှင့်အုပ်စိုးခံတို့အကြား သတင်းမညီမမျှဖြစ်ပေါ်မှုကို လျော့နည်းစေသည်သာမက ပို၍များပြားသော နိုင်ငံသားများ၏ပါဝင်မှုကိုဖိတ်ခေါ်နိုင်သည်။ သူတို့ကနိုင်ငံ၏ အရေးကိစ္စများကို သတိဖြင့်စောင့်ကြည့်ခြင်းများအထိ ဆောင်ရွက်နိုင်ပါသည်။

**စီးပွားရေးစွမ်းဆောင်ရည်ကွင်းဆက်**

ကောင်းမွန်သော စီးပွားရေးမူဝါဒများ အကောင်အထည်ဖော်ခြင်းမှ လူမှုရေးနှင့်နိုင်ငံရေးအရယုံကြည်စိတ်ချရမှုတိုးတက်စေခြင်းသည်ကောင်းမွန်ပြီးထိရောက်သော အုပ်ချုပ်ရေးအတွက်အလွန်အရေးကြီးပါသည်။ ပြည့်စုံသောနိုင်ငံတစ်ခု ဖြစ်လာစေရန် ပွင့်လင်းပြီးထိရောက်မှုရှိ၍ ယှဉ်ပြိုင်နိုင်သော ဈေးကွက်များဖော်ဆောင်ပေးရန် လိုအပ်ပါသည်။ ယုံကြည်စိတ်ချရမှုတည်ဆောက်ရာတွင် အချိန်ယူရသကဲ့သို့ စီးပွားရေးယှဉ်ပြိုင်စွမ်းရရှိရန်အခြေခံအဆောက်အအုံများတည်ဆောက်ရာ၌လည်းအချိန်ယူရပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ကောင်းမွန်သောအုပ်ချုပ်ရေးအတွက် လိုအပ်သောအခြေအနေတစ်ရပ်ဖြစ်သော်လည်း တစ်ခုတည်းသော လုံလောက်သည့်အကြောင်းအရာတော့မဟုတ်ပါ။ ကောင်းမွန်သောစီးပွားရေးမူဝါဒ အကောင်အထည်ဖော်ခြင်းသည် တိုတောင်းသော အချိန်ကာလ တစ်ခု

တွင်သာ နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ နောက်ပိုင်းတွင် ပြည်သူလူထုသည် မျှတသော လူမှုရေးအသိုက်အဝန်း၊ တာဝန်ခံသော အလုပ်ဌာနများအစရှိသည့် နိုင်ငံရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများကို ဆက်လက်တောင်းဆိုလာကြမည်ဖြစ်ပါသည်။ အကယ်၍ စီးပွားရေးမူဝါဒချို့ယွင်းခဲ့ပြီး စီးပွားရေးဖိစီးမှုများ တိုးပွားလာခဲ့သော် ညံ့ဖျင်းသော အုပ်ချုပ်ရေးသည် သေချာပေါက်၊ ပေါက်ဖွားလာမည်ဖြစ်၏။ အလားတူညံ့ဖျင်းသော အုပ်ချုပ်ရေးစနစ်ဖြင့် အလုပ်လုပ်နေစဉ်တွင် စီးပွားရေးဖိစီးမှုသည် ရှောင်လွှဲ၍မရနိုင်ပါ။

ပြည်စုံသောနိုင်ငံတစ်ခုတွင် နိုင်ငံရေးနှင့် လူမှုရေးယုံကြည်စိတ်ချရမှု နှင့် စီးပွားရေးစွမ်းဆောင်ရည် တိုးတက်လာစေရန် အကောင်အထည်ဖော်ရမည့် နည်းလမ်းတစ်ခုတည်းသာ ရှိပါသည်။ ယင်းနည်းလမ်းသည် အဆင်းရဲဆုံးနှင့် ကျွမ်းကျင်မှုမရှိသော လူများအပေါ် ပန်းတိုင်ထား၍ ဘေးကင်းလုံခြုံရေးအစီအစဉ်များနှင့် လူမှုရေးအကာအကွယ်ပေးမှု အစီအစဉ်များကို ချမှတ်ဆောင်ရွက်ပေးခြင်းပင်ဖြစ်ပါသည်။ စီးပွားရေးအရ ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုသည် အောက်ခြေလူတန်းစားများ ပါဝင်သော ပြည်သူလူထုတစ်ရပ်လုံးအတွက် ကာကွယ်စောင့်မှုများနှင့် သက်သာချောင်ချိရေးအတွက် အားကောင်းစေသည် သို့မဟုတ် ပျက်စီးစေသည် ဆိုသည့်အချက်ကိုကား ပညာရှင်များကအငြင်းပွားနေကြဆဲဖြစ်ပါသည်။

## နိုင်ငံရေးတရားဝင်မှုကွင်းဆက်

ကောင်းမွန်သောအုပ်ချုပ်ရေးသို့ရှေးရှု၍နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုကို တည်ဆောက်ရာတွင် နိုင်ငံရေးတရားဝင်မှုကွင်းဆက်သည် အလွန်အရေးပါ အရာရောက်ပါသည်။ တရားဝင်ခြင်းဆိုသည်မှာ ပြည်သူလူထုက အုပ်ချုပ်နေသော အစိုးရအပေါ်ခိုင်မာစေလိုသော လိုလားချက်က အဓိကဖြစ်ပါသည်။ ပြည်သူလူထုက အစိုးရတစ်ရပ်သည် မှန်ကန်စွာရပ်တည်မှုရှိပြီး မှန်ကန်စွာအခွင့်အာဏာကို ကျင့်သုံးမှုရှိသည်ဟုထင်လျှင် အစိုးရသည် နိုင်ငံရေးအရ တရားဝင်မှုရှိစေပါသည်။ တရားဝင်မှုအတွက် အဓိကအဆုံးအဖြတ်ပေးသော အချက်များမှာ လူမှုရေးယုံကြည်စိတ်ချရမှု၊ စီးပွားရေးထိရောက်မှုနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးတည်ရှိမှုတို့ပင်ဖြစ်ပါသည်။

နိုင်ငံရေးတရားဝင်မှု ရရှိစေရန်အတွက် ယုံကြည်စိတ်ချရမှုကို မြှင့်တင်ရာတွင် လူမှုအဖွဲ့အစည်းများအား အစိုးရနှင့်ပို၍နီးကပ်လာစေရသည်။ အစိုးရကလည်းသူတို့နှင့်ပို၍နီးကပ်အောင်ပြုရပါသည်။ ဤနေရာတွင် ဒေသန္တရ အုပ်ချုပ်ရေးနှင့်လက်အောက်သို့ အာဏာဖြန့်ခွဲပေးခြင်းတို့သည် အကောင်းဆုံးလက်သုံးကိရိယာများ ဖြစ်ကြသည်။ ဒေသန္တရ အုပ်ချုပ်ရေးကိစ္စများတွင် ကျောင်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအဖွဲ့အစည်း အမှုဆောင်များ အစရှိသည့် ဇက်ကြိုးကိုင်နိုင်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။ ဒေသန္တရအစိုးရများကို အာဏာအပ်နှင်းပေးခြင်းနှင့် အုပ်ချုပ်မှုအခွင့်အာဏာကိုခွဲဝေပေးနိုင်ရန် ပြန်လည်ဖွဲ့စည်းခြင်းတို့သည် အုပ်စိုးသူနှင့် အုပ်စိုးခံတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို ဖြစ်ပေါ်လာစေပါသည်။

လွတ်လပ်၍မျှတသောရွေးကောက်ပွဲပုံမှန်ပြုလုပ်ပေးခြင်းမရှိဘဲကောင်းမွန်သောအုပ်ချုပ်ရေးစနစ်အကြောင်း ပြော၍မဖြစ်ပါ။ အချို့သောနိုင်ငံများ၏ နိုင်ငံရေးစနစ်များတွင် တာဝန်ရှိသူများက လွှတ်တော်၏ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်ကို အစဉ်တစ်စိုက်ဘေးဖယ်ထားခွင့်ရှိခဲ့လျှင် ပြည်သူလူထု၏ အကျိုးစီးပွားကို ပြည်သူ့ကိုယ်စားလှယ်များက အဓိပ္ပါယ်ရှိစွာ လုပ်ဆောင်နိုင်ကြမည်မဟုတ်ပါ။ အလားတူပင် အချို့သောနိုင်ငံရေးစနစ်များ၌ ရန်လိုသော

လွှတ်တော်က အုပ်ချုပ်ရေးအာဏာအရ မူဝါဒချမှတ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များအပေါ် ထပ်ကာတလဲလဲ ပိတ်ပင်နေခြင်းများသည် ယင်းနိုင်ငံ၏ နိုင်ငံရေးလုပ်ငန်းစဉ်ကို နှောင့်နှေးစေပါသည်။ လွှတ်တော်နှင့်အစိုးရတို့၏ သဟဇာတမျှတသော ပူးပေါင်းဆောင်ရွက်မှုသည်သာ ပြည်သူလူထု၏အမြင်တွင် ထိရောက်မှုနှင့်တရားဝင်မှုရှိသည် ဖြစ်သောကြောင့်ယုံကြည်စိတ်ချမှုတည်ဆောက်ရေးအတွက် ယင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်ပါသည်။

လွတ်လပ်သော တရားစီရင်ရေးကလည်း လူမှုအဖွဲ့အစည်းများတွင် ယုံကြည်စိတ်ချရမှုအတွက် မဏ္ဍိုင်တစ်ရပ်ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေး၏ အခြေခံတိုးတက်ကောင်းမွန်ရန် အဓိကလိုအပ်သော အချက်မှာ တည်ဆဲဥပဒေများကို တရားစီရင်ရေးအပိုင်းက အုပ်ထိန်းသူသဖွယ် ကောင်းစွာစောင့်ထိန်းထားရန်ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးအတွက် တည်ငြိမ်သောဥပဒေများ၏ ကျောထောက်နောက်ခံရှိရမည်ဖြစ်ပါသည်။ လိုလျှင်လိုသလို သုံးစွဲနိုင်သော အခွင့်အာဏာကိုလည်း ကောင်းစွာတားဆီးနိုင်မည်ဖြစ်ပါသည်။

တရားဥပဒေစိုးမိုးခြင်း၊လွတ်လပ်သောတရားစီရင်မှုရှိခြင်း၊ လွတ်လပ်မျှတ၍ ပုံမှန်ပြုလုပ်သောရွေးကောက်ပွဲရှိခြင်း၊ တရားဝင်သောလွှတ်တော်လုပ်ငန်းစဉ်ရှိခြင်း၊ ကြံ့ခိုင်သောလူမှုအဖွဲ့အစည်းများရှိခြင်း၊ အကျင့်ပျက်ခြစားခြင်းနှင့် အကျင့်ပျက်ခြစားသောအသွင်သဏ္ဍာန်ပေါ်ပေါက်မှုမှန်သမျှ တိုက်ဖျက်ခြင်း၊ လက်အောက်သို့ အာဏာဖြန့်ခွဲခြင်းနှင့် အီလက်ထရွန်းနစ်နည်းဖြင့် လုပ်ငန်းများဆောင်ရွက်သော အစိုးရစနစ်ရှိခြင်းတို့သည် နိုင်ငံရေး စနစ်တစ်ခုလုံးတွင် ထင်သာမြင်သာနှင့် တာဝန်ခံမှုရှိခြင်းတို့ကို မြှင့်တင်ပေးနိုင်ပါသည်။ ထင်သာမြင်သာနှင့် တာဝန်ခံမှုရှိခြင်း တို့သည်ယုံကြည်စိတ်ချရမှုရရှိရန်အတွက်လည်းကောင်း၊ ကောင်းမွန်သောအုပ်ချုပ်ရေးဖြစ်ပေါ်ရန်အတွက်လည်းကောင်း ကြိုတင်လိုအပ်သောအမာခံအုတ်မြစ်များဖြစ်ကြပါသည်။